# ကလေးအခွင့်အရေးသင်ခန်းစာ (၄)
## ကာကွယ်မှု

ရည်ရွယ်ချက်

- ကလေးများအပေါ် ကျရောက်တတ်သော အန္တရာယ်များအကြောင်းကို ကာကွယ်ပေးရန်တာဝန်ရှိကြောင်း သိရှိစေရန်၊
- မိမိပတ်ဝန်းကျင်တွင် ရှိနေသော ကလေးများအပေါ် စော်ကားအမြတ်ထုတ်မှုများကို ဖော်ထုတ်တတ်စေရန်၊
- မိမိပတ်ဝန်းကျင်ရှိကလေးများကို လိုအပ်သလို ကာကွယ်ပေးမှုများ ပေးလာနိုင်စေရန်

## Activity: (လှုပ်ရှားမှု)

(၁) နေရာကျယ်ဝန်းသောနေရာတွင် စက်ဝိုင်းပုံ စည်းဝိုင်းတဝိုင်းဆွဲထားပါ။ ထိုစည်းဝိုင်းသည် လူတယောက် လှည့်လည်နိုင်လောက်အောင်သာ ကျယ်ဝန်းရမည်။

(၂) ထိုစက်ဝိုင်းအတွင်းတွင် ကျောက်ခဲငယ်လေးများ (၁၀) လုံးခန့် သို့မဟုတ် အခြားအရာဝတ္ထု အနည်းငယ်ကို ထည့်ထားပါ။

(၃) သင်တန်းသားတယောက်ကို သက်ဝိုင်းအလည်တွင်ဝင်စေ၍ လိပ်မကြီးအသွင်သရုပ်ဆောင်စေပြီး ထိုကျောက်ခဲများကို လိပ်ဥသဖွယ်သတ်မှတ်ကာကာကွယ်ခိုင်းပါ။

(၄) ကျန်သူများသည် စည်းဝိုင်းအပြင်တွင်နေ၍ ထိုလိပ်ဥများကို လိပ်မကြီးထံမှ နှိုက်ယူရန် စေခိုင်းပါ။

(၅) အကယ်၍ နှိုက်ယူစဉ် လိပ်မကြီးနှင့် ထိမိပါက ထိုသူသည် လိပ်မကြီးဖြစ်သွားပြီး အလယ်သို့ဝင်၍ လိပ်ဥများကို တဖန်ပြန်ကာကွယ်ရမည်။

(၆) လူသုံးလေးဦးပြောင်းသည်အထိ ကစားခိုင်းပါ။

## Discussion: (အပြန်အလှန်ဆွေးနွေးခြင်း)

ထို့နောက် သင်တန်းသားများကို ပြန်လည်ဝိုင်းထိုင်စေ၍ အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးခိုင်းပါ။

- လိပ်မကြီးဖြစ်သူ ဘယ်လိုခံစားရသလဲ။
- လိပ်ဥကို အပြင်က နှိုက်သူတွေဘယ်လိုမျိုးကြိုးစားခဲ့ကြသလဲ။
- လိပ်မကြီးကရော ဘယ်လိုမျိုး ကာကွယ်ခဲ့ရသလဲ။
- လက်တွေ့မှာဆိုရင် အထဲမှာရှိနေတဲ့ ကျောက်ခဲတွေက ဘယ်သူတွေဖြစ်နိုင်သလဲ။ ဘာကြောင့်လဲ။ (ကလေးများဖြစ်သည်ဆိုသော အဖြေထွက်လာအောင် မေးသင့်သည်)
- ဘယ်လိုအခြေအနေမျိုးမှာရောက်နေတဲ့ ကလေးတွေက အထူးကာကွယ်ပေးဖို့လိုနေသလဲ၊
- ဘာကြောင့်ကလေးတွေကို အခြားသူတွေက ကာကွယ်ပေးဖို့လိုတာလဲ။
- အပြင်မှာ ကလေးတွေကို ကာကွယ်ပေးဖို့တာဝန်ရှိသူတွေက ဘယ်သူတွေလဲ၊

## Input: (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

ကလေးတိုင်းသည် အသက်အရွယ်ငယ်ရွယ်မှုနှင့် အတွေ့အကြုံမရင့်ကျက်သေးသည့်အတွက် ကာကွယ်စောင့်ရှောက်ပေးမှုများ လိုအပ်သည်။ ခိုသို့ကာကွယ်ပေးရန်တာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရ၊ လူထုအဖွဲ့အစည်းပေါင်းစုံ၊ လူတဦးတယောက်ချင်းနှင့် ကလေးများကိုယ်တိုင်ကာကွယ်ပေးရန်လိုသည်။

ကလေးများအနက်အချို့ကလေးများသည် သူတို့၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးနောက်ခံအသိုင်းအဝိုင်းအခြေအနေများကြောင့် အထူးပိုမို၍ အန္တရာယ်များကို ရင်ဆိုင်နေရသည့်အခြေအနေမျိုးရောက်နေသည်။ ထိုကလေးများသည် စီးပွားရေးအရအမြတ်ထုတ်ခံရခြင်း၊

ရုပ်ပိုင်းနှင့် စိတ်ပိုင်းစော်ကားခံရခြင်း၊ လက်နက်ကိုင်စစ်ပွဲများအကြား ကျရောက်နေခြင်း၊ အခြားသူများ၏ လစ်လျူရှုမှုကို ခံရခြင်း၊ ပစ်ပယ်ခံရခြင်းနှင့် ခွဲခြားဖိနှိပ်ခံရခြင်းတို့ကို ရင်ဆိုင်ရလေ့ရှိသည်။ ကလေးများကို ထိုသို့အဖြစ်မျိုးသို့ မကျရောက်အောင်တားဆီးကာကွယ်ပေးရန်လိုအပ်သလို အစိုးရအနေဖြင့် ထိုသို့ဘဝမျိုးမှလွတ်မြောက်လာသော ကလေးများကို ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များဖြင့် ကလေးဘဝပြန်လည်ရရှိအောင် လုပ်ဆောင်ပေးရန်တာဝန်ရှိသည်။

ကလေးများအား ကာကွယ်ပေးရာတွင် ခွဲခြားဖိနှိပ်မှုမရှိအောင် ကာကွယ်ပေးခြင်း၊ ကလေးများအပေါ် အမြတ်ထုတ်မှုမှ ကာကွယ်ပေးခြင်း၊ အရေးပေါ်အခြေအနေမျိုးတွင် ကာကွယ်စောင့်ရှောက်ပေးခြင်းဟူ၍ သုံးမျိုးခွဲနိုင်သည်။

| ခွဲခြားဖိနှိပ်မှုမရှိအောင် ကာကွယ်ပေးခြင်း၊ | ကလေးများအပေါ် အမြတ်ထုတ်မှုမှ ကာကွယ်ပေးခြင်း | အရေးပေါ်အခြေအနေမျိုးတွင် ကာကွယ်စောင့်ရှောက်ပေးခြင်း |
|---|---|---|
| –ခွဲခြားမှုမရှိစေခြင်း<br>–အမည်မှည့်ခွင့်နှင့် တိုင်းရင်းသားဖြစ်ခွင့်ရှိခြင်း<br>–အခြားနည်းဖြင့်သန်စွမ်းသူကလေးများအား တန်းတူဖွံ့ဖြိုးတိုးတက်စေခြင်း၊<br>–တိုင်းရင်းသားကလေးများအား ခွဲခြားခြင်းမရှိစေခြင်း | –ပြည်ပသို့ခေါ်ဆောင်ခြင်းမှ ကာကွယ်ပေးခြင်း၊<br>–ပုဂ္ဂလိကလွတ်လပ်ခွင့်ပေးခြင်း<br>–စော်ကားခြင်း၊ လစ်လျူရှုခြင်းတို့မှ ကာကွယ်ပေးခြင်း<br>–မိဘနှင့်ဝေးကွာနေသောကလေးများအား စောင့်ရှောက်ပေးခြင်း<br>–မွေးစားခြင်း<br>–စောင့်ရှောက်ထားသည့်နေရာများမှကလေးများကို အချိန်မှန်မှန် လေ့လာစစ်ဆေးခြင်း၊<br>–ကလေးလုပ်သားစေခိုင်းမှုမှ တားဆီးခြင်း<br>–မူးယစ်ဆေးဝါးအလွဲသုံးစားမှုမှ ကာကွယ်ခြင်း<br>–လိင်စော်ကားမှုမှ ကာကွယ်ပေးခြင်း၊<br>–ကူးသန်းရောင်းဝယ်မှုမှ တားဆီးခြင်း၊<br>–နှိပ်စက်ခြင်းမှ ကာကွယ်ခြင်း၊<br>–ပြန်လည်ပျိုးထောင်ရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊<br>ကလေးတရားဥပဒေဖြင့်သာ စီရင်ခြင်း | –မိသားစု ပြန်လည်တွေ့ဆုံစေခြင်း၊<br>–ဒုက္ခသည်ကလေးများအား စောင့်ရှောက်ခြင်း<br>–လက်နက်ကိုင်စစ်ပွဲများအတွင်းမှကလေးများအား စောင့်ရှောက်ကူညီခြင်း<br>–ပြန်လည်ပျိုးထောင်ရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊ |

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

သင်တန်းသားများကို အုပ်စုငယ်ခွဲ၍ အဖွဲ့တဖွဲ့လျှင် အထက်ပါဆွေးနွေးခဲ့သည့် ကလေးများအား ကာကွယ်စောင့်ရှောက်ရန်လိုသည့် အခြေအနေများထဲမှ မိမိပတ်ဝန်းကျင်တွင်တွေ့ရတတ်သော အဖြစ်အပျက်တခုကိုရွေးချယ်၍ သရုပ်ဖော်တင်ဆက်ခိုင်းပါ။ နှစ်ဖွဲ့ သို့မဟုတ် သုံးဖွဲ့ဖြစ်နိုင်သည်။

အဖွဲ့လိုက်တင်ဆက်မှုပြီးပါက တင်ဆက်မှုတခုချင်းအလိုက်–

- ဘာတွေဖြစ်တာလဲ၊
- ကလေးအပေါ် ဘယ်လိုသက်ရောက်မှုရှိသွားသလဲ၊
- ကလေးအပေါ် ကျူးလွန်သူတွေက ဘယ်သူတွေလဲ။ ဘာကြောင့်ကျူးလွန်တာလဲ။

– ဇာတ်လမ်းထဲမှာ ကာကွယ်ပေးတဲ့သူတွေက ဘယ်သူတွေလဲ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)
တင်ဆက်ခဲ့သောဇာတ်လမ်းနှင့် ဆွေးနွေးချက်များကို မူတည်၍ လက်တွေ့ဘဝတွင် ထိုအဖြစ်မျိုးဖြစ်ပါက ကာကွယ်ပေးနိုင်မည့်သူများ၊ ကူညီပေးနိုင်မည့်သူများကို ဝိုင်းဝန်းဖော်ထုတ်ခိုင်းပါ။ ဥပမာ– ရပ်ကွက်လူကြီး၊ ကော်မတီဝင်များ၊ အမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ မိဘများ၊ ကျောင်းဆရာများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ကလေးများကိုယ်တိုင် အစရှိသည်ဖြင့် ဖော်ထုတ်နိုင်သည်။

ထို့နောက် ကလေးများအပေါ် ကျရောက်နိုင်မည့်အန္တရာယ်များအကြောင်းသိရှိပြီးသော၊ ကလေးများကိုကာကွယ်စောင့်ရှောက်ရန်လိုကြောင်းနားလည်သဘောပေါက်ပြီးသော သင်တန်းသားများအနေဖြင့် ထိုတာဝန်ရှိသူများ၍ အမှန်တကယ်လုပ်ဆောင်လာအောင် မည်လိုနည်းဖြင့် စည်းရုံးလုပ်ဆောင်သွားမည်ကို အစီအစဉ်များရေးဆွဲပြင်ဆင်ခိုင်းပါ။